dvbdebate.com facebook.com/dvb.debate Twitter@dvbdebate

“ဒီဗွီဘီ ဒီဘိတ်”အခြေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group ကနေ အပတ်စဉ် စနေနေ့တိုင်း ရိုက်ကူးကာ ဒီဗွီဘီ ရုပ်သံလိုင်းမှတဆင့် ထုတ်လွှင့်ပေးနေတာဖြစ်ပါတယ်။

**DVB TV**

| | |
|---|---|
| Sunday | 7.30 pm |
| Monday | 1.30 am / 7.30 am / 1.30 pm |
| Wednesday | 8.45 pm |
| Thursday | 2.45 am / 8.45 am / 2.45 pm |
| Friday | 7.30 pm |
| Saturday | 1.30 am / 7.30 am / 1.30 pm |

**DVB RADIO**

| | |
|---|---|
| Saturday<br>Sunday | Evenings<br>Mornings |

**DVB ONLINE**

| | |
|---|---|
| dvbdebate.com<br>facebook.com/<br>dvb.debate<br>twitter @dvbdebate | 24/7 |

DVB Debate ဟာ အတွေးမြင်အယူအဆများ ဖလှယ်ကာ လွတ်လပ်စွာ သဘောထားကွဲလွဲနိုင်ရန်၊ အပြန်အလှန်နားလည်မှုများ ဖန်တီးတည်ဆောက်ရန်၊ မြန်မာ့အနာဂတ်ပိုမိုကောင်းမွန်လာစေဖို့ လူ့အဖွဲ့အစည်းအတွင်းမှာရှိနေတဲ့ ပြဿနာများကို အဖြေရှာနိုင်စေရန်နှင့် လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားမှုတွေကို လက်ခံပေးနိုင်တဲ့ အခြေအတင်ဆွေးနွေးခြင်း ယဉ်ကျေးမှုပေါ်ထွက်လာစေရန် ရည်ရွယ်ပါတယ်။ အဖွဲ့အနေဖြင့် အခြား မီဒီယာများနှင့် ဆွေးနွေးပွဲ အသင်းအဖွဲ့များကိုလည်း ယခုလို ပွင့်လင်းတဲ့ အခြေအတင်ဆွေးနွေးပွဲများမှာ ပါဝင်လာဖို့ ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနှင့် ကာတွန်းများကို ရုပ်သံရိုက်ကူးအပြီး မကြာခင်မှာပဲ ဒီဗွီဘီ ဒီဘိတ်၏ ဖေ့ဘုတ် စာမျက်နှာနှင့် ဝက်ဘ်ဆိုဒ်များမှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းရှိ အခြေအတင်ဆွေးနွေးပွဲ အစီအစဉ်များကို ပံ့ပိုးကူညီမှုများ ပြုလုပ်နိုင်ရန်အတွက်လည်း DVB Debate မှာ ရန်ပုံငွေများရှိပါကြောင်း အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***What is our National Identity?***

ဆိုတာပဲဖြစ်ပါတယ်။

- ❖ မှတ်ချက်ပြုလိုသည်များ၊ အကြံပေးလိုသည်များနှင့် မေးခွန်းများ မေးမြန်းလိုပါက ရုံးချိန်အတွင်း ၀၁ ၂၉၂၇၄၃ သို့ဆက်၍ဖြစ်စေ၊ debate@dvb.no သို့ဖြစ်စေ ဆက်သွယ်၍ အဖွဲ့ဝင်တဦးဦးထံသို့ မေးမြန်းနိုင်ပါသည်။

## This week's topic is NATIONAL IDENTITY

### *Historical context:*

၁၉၈၉ မေလ မှာ မြန်မာစစ်အစိုးရဟာ တိုင်းပြည်ရဲ့အမည်ကို ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် တရားဝင်ပြောင်းလဲခဲ့ပါတယ်။ ဒီလို အမည်နာမပြောင်းလဲခဲ့ခြင်းကြောင့် လူထုအတွင်းအငြင်းပွားဖွယ်ရာများဖြစ်ပေါ် စေခဲ့ပြီး၊ အတိုက်အခံ နိုင်ငံရေးအုပ်စုတွေနဲ့ တိုင်းရင်းသား အဖွဲ့များကတော့ ဘားမား (Burma) လို့သာ ဆက်လက်ခေါ်ဆို သုံးစွဲခဲ့ကြပါတယ်။

ဗမာ (Burma) နှင့် မြန်မာ (Myanmar) ဟူသည့် အမည်နှစ်မျိုးစလုံးဟာ လူများစုဖြစ်တဲ့ ဗမာတိုင်းရင်းသားအမည်ကဆင်းသက်လာတာဖြစ်ပြီး၊ လူနည်းစု တိုင်းရင်းသားများရဲ့ စာပေနဲ့ ယဉ်ကျေးမှုကို ပျက်စီးအောင်လုပ်တဲ့ ကျိုးပမ်းချက်တခုအနေနဲ့ ဗမာဇာတ်သွင်းဖို့ ပြုလုပ်တာဖြစ်တယ်လို့လည်း အစိုးရကို စွပ်စွဲကြပါတယ်။ ဗမာ သို့ မြန်မာနိုင်ငံဟာ ကွဲပြားတဲ့ လူမျိုးစုပေါင်း ၁၃၅ မျိုးကျော် ရှိနေတာမို့ လူမျိုးအားဖြင့် အမျိုးမျိုးကွဲပြားနေတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိဖို့ သို့မဟုတ် ဗဟိုအစိုးရထံမှ ပိုမိုလွတ်လပ်ခွင့်ရရှိဖို့ တောင်းဆိုတိုက်ပွဲဝင်နေတဲ့ တိုင်းရင်းသား နိုင်ငံရေးအဖွဲ့အစည်းများနဲ့ လက်နက်ကိုင်အုပ်စုများလဲ များစွာရှိနေပါတယ်။

### *Facts and Figures :*

- မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ တိုင်းပြည်လွတ်လပ်ရေးရခဲ့ပါတယ်။
- အစိုးရအနေနဲ့ တိုင်းရင်းသားအုပ်စု ၁၃၅ မျိုးကို တရားဝင်အသိအမှတ်ပြုထားပါတယ်။
- မြန်မာပြည်မှာ အသိမှတ်ပြုမခံရတဲ့ တိုင်းရင်းသားအုပ်စုကြီး အနည်းဆုံး ၆ ခုလောက်လဲ ရှိနေပါသေးတယ်။ (Burma Campaign UK)
- ပင်လုံစာချုပ်ကို ၁၉၄၇ ဖေဖော်ဝါရီလ ၁၂ နေ့မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။
- မြန်မာနိုင်ငံမှာ နောက်ဆုံး သန်းခေါင်စာရင်းကိုကောက်ယူခဲ့တာဟာ ၁၉၈၃ ခုနှစ်မှာဖြစ်ပါတယ်။
- ၁၉၈၃ နှစ်မှာ နောက်ဆုံးကောက်ယူခဲ့တဲ့ သန်းခေါင်စာရင်းအရ လူများစု ဗမာတိုင်းရင်းသားများဟာ လူဦးရေရဲ့ ၆၉% ရှိနေပါတယ်။
- မြန်မာနိုင်ငံအမျိုးသားအလံတော်ကို ဗြိတိသျှအုပ်စိုးမှုအဆုံးသတ်ခဲ့တဲ့ ၁၉၄၈ မှစပြီး ၁၉၇၄ တကြိမ် နှင့် ၂၀၁၀ တို့မှာတကြိမ်အဖြစ် ၃ ကြိမ်ပြောင်းလည်းခဲ့ပြီးဖြစ်ပါတယ်။

### *Points of view:*

ယုံကြည်ကိုးကားလောက်တဲ့ သန်းခေါင်စာရင်းကောက်ယူထားမှုမရှိတာကြောင့် ဗမာတိုင်းရင်းသားများရဲ့ဦးရေဘယ်လောက်ရှိတယ်ဆိုတာကို အကြမ်းဖျင်းခန့်မှန်းတွက်ချက်ကြည့်ဖို့တောင် မဖြစ်နိုင်ဘူးဖြစ်နေပါတယ်။ **(Burma Campaign UK)**

ကိုယ့်တိုင်းရင်းသားဘာသာစကားကိုတောင် လည်လည်ပတ်ပတ်မပြောနိုင်တော့တဲ့ ချင်းလူမျိုးတော်တော်များများရှိနေပါတယ်။ အဲဒါကြောင့်မို့လို့လဲ သူတို့တွေဟာ မကြာခဏဆိုသလို ဗမာနဲ့ မှားတာတွေ ဗမာတွေလို့ သတ်မှတ်ခံရတာတွေရှိပါတယ်။ (Za Uk Lin -ချင်းလူ့အခွင့်အရေးအဖွဲ့)

မြန်မာနိုင်ငံထဲမှာရှိနေတဲ့ လူမျိုးစုနောက်ခံသမိုင်းအမျိုးမျိုးနဲ့ ယုံကြည်ချက်မျိုးမျိုးရှိနေကြတဲ့ လူထုကြီးအနေနဲ့ ယခုအသစ်ပေါ်ထွက်လာတဲ့ အမျိုးသားအမှတ်လက္ခဏာသစ်ရဲ့ အစိတ်အပိုင်းအနေနဲ့ သိမြင်ခံစားနိုင်ရပါစေ့မယ်။ (သမ္မတ ဦးသိန်းစိန်)

### *Information links:*

www.shanwomen.org

www.burmacampaign.org.uk

www.democraticmyanmar.com/

www.culturemyanmar.org/

www.minorityrights.org

www.thisismyanmar.com/myanmars/people

www.ethnologue.com/country/MM

www.oxfordburmaalliance.org/ethnic-groups

www.dvb.no/